The National Health Council Act, 1950

(Act No. XXXVIII of 1950)

# ၁၉၅၀ ပြည့်နှစ်၊ အမျိုးသားကျန်းမာရေးကောင်စီအက်ဥပဒေ။

[၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၃၀။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၀ ပြည့်နှစ်၊ အမျိုးသားကျန်းမာရေးကောင်စီအက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ အာဏာတည်ရန်ကိစ္စအလို့ငှါ၊ နိုင်ငံတော်သမတကအမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာသည့်နေ့ရက်တွင် အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ ကောင်စီတခု ဖွဲ့စည်းတည်ထောင်ရမည်။ ထိုကောင်စီကို အမျိုးသားကျန်းမာရေးကောင်စီဟုခေါ်ရမည်။ ထိုကောင်စီတွင် အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်။

(က) ကျန်းမာရေးဌာနဝန်ကြီး။
(ခ) ဆေးနှင့်ကျန်းမာရေးဌာန ညွှန်ကြားရေးဝန်။
(ဂ) ကျန်းမာရေးဌာန ဒုတိယညွှန်ကြားရေးဝန်။
(ဃ) စစ်ရေးဆေးဘက်ဆိုင်ရာညွှန်ကြားရေးမှူး။
(င) အမျိုးသမီးနှင့်ကလေးများစောင့်ရှောက်ရေးညွှန်ကြားရေးဝန်။
(စ) ဆေးကုသဘက်ဆိုင်ရာအစိုးရဆရာဝန်ကြီးတဦး။
(ဆ) ခွဲစိတ်ဘက်ဆိုင်ရာအစိုးရဆရာဝန်ကြီးတဦး။
(ဇ) ဒပ်ဖရင်ဆေးရုံမှူး။
(ဈ) ကျန်းမာရေးဝန်ကြီးဌာန အတွင်းဝန်၊ သို့မဟုတ် တွဲဘက်အတွင်းဝန်။
(ည) နိုင်ငံတော်သမတကခန့်ထားမည့် ပြင်ပဆရာဝန်ကြီးနှစ်ဦး။

၃။ ။ကျန်းမာရေးဝန်ကြီးသည်၊ ကောင်စီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ကျန်းမာရေးဝန်ကြီးဌာနအတွင်းဝန်သည်၊ သို့တည်းမဟုတ် တွဲဘက်အတွင်းဝန်သည် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

၄။ ။ကောင်စီလူကြီးများ၏ ရာထူးသက်တမ်းသည်၊ နိုင်ငံတော်သမတက သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

၅။ ။အစိုးရအရာရှိမဟုတ်သော ကောင်စီလူကြီးများကို၊ နိုင်ငံတော်သမတက သတ်မှတ်သည့်စရိတ်များပေးရမည်။

၆။ ။ကောင်စီသည်၊ မှုတွဲဆောင်ရွက်ရန် ငါးယောက်ထက်မများသော သင့်တော်သည့်ပုဂ္ဂိုလ်များကို သာမန်အားဖြင့်ဖြစ်စေ၊ အထူးကိစ္စအတွက်ဖြစ်စေ ခန့်ထားနိုင်သည်။

Price.—One anna.]

၇။ ။ကောင်စီသည်၊ လိုအပ်သောကော်မီတီများကို သာမန်အားဖြင့်ဖြစ်စေ၊ အထူးကိစ္စအတွက်ဖြစ်စေ ခန့်ထားနိုင်သည်။ ထိုကဲ့သို့ခန့်ထားသော ကော်မီတီသည် ကောင်စီ၏ကြီးကြပ်အုပ်ချုပ်ခြင်းကိုခံယူ၍၊ မိမိတို့အားလွှဲအပ်သည့် ကောင်စီတာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကို ဆောင်ရွက်ရမည်။

၈။ ။အစည်းအဝေးတိုင်း၌ လူကြီးခြောက်ဦးတက်ရောက်လျှင်၊ အစည်းအဝေးအထမြောက်ရမည်။

၉။ ။ကောင်စီဥက္ကဋ္ဌသည်၊ အစည်းအဝေးသို့မတက်ရောက်သောအခါ၊တက်ရောက်သောလူကြီးများက မိမိတို့အထဲမှတဦးဦးကို အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ရမည်။

၁၀။ ။ကောင်စီသည်၊ မိမိတာဝန်ဝတ်တရားများနှင့် အလုပ်ပတ်တရားများကို ကျေပြွန်စွာဆောင်ရွက်နိုင်ရန်အတွက်၊မိမိသင့်သည်ထင်မြင်သည့်ပုဂ္ဂိုလ်များကို ကောင်စီတွင် ဘိတ်ခေါ်ဆွေးနွေးနိုင်သည်။

၁၁။ ။(၁) ကောင်စီသည်၊ အောက်ပါကိစ္စများကို ဆောင်ရွက်ရမည်။

(က) အမျိုးသားကျန်းမာရေးနှင့် ပတ်သက်သောကိစ္စအဝဝကို စဉ်းစား၍ အစိုးရသို့အကြံဉာဏ်ပေးရန်။

(ခ) ဆေးကုသရေး ဌာနနှင့် ရောဂါ ကာကွယ်ရေးဌာနနှစ်ခုကို မည်ကဲ့သို့ဖွဲ့စည်းသင့်သည်၊ မည်ကဲ့သို့ပြုပြင်သင့်သည်တို့ကို စဉ်းစား၍ အစိုးရသို့အကြံဉာဏ်ပေးရန်။

(ဂ) အစားအစာနှင့် အာဟာရဖြည့်တင်းရေးနှင့် ပတ်သက်၍၎င်း၊အလုပ်သမားများ၏ နေရေးထိုင်ရေးနှင့် ပတ်သက်၍၎င်း၊ ကျန်းမာရေးနှင့် ကိုယ်လက်ကြံ့ခိုင်ရေးနှင့်ပတ်သက်၍၎င်း၊ မည်ကဲ့သို့ တိုးတက်စေရန် ပြုပြင်ပြောင်းလဲသင့်သည်ကို ဆွေးနွေး၍ အစိုးရသို့ အကြံဉာဏ်ပေးရန်။

(ဃ) ဆေးနှင့်ပတ်သက်၍ သုတေသနရှာဖွေရာ၌ လွယ်ကူစေခြင်းငှါအကြံဉာဏ်များ အစိုးရသို့ပေးရန်။

(င) တိုင်းရင်းဆေးနှင့်တိုင်းရင်းဆေးဆရာများကို မည်ကဲ့သို့အသုံးချသင့်သည်ကိုဆွေးနွေး၍အစိုးရသို့ အကြံဉာဏ်ပေးရန်။

(စ) ဆေးဘက်ဌာနနှင့် ကျန်းမာရေးဌာန ရာထမ်းမှုထမ်းများအကျိုးခံစားမှုနှင့် ပတ်သက်သော ညွှန်ကြားချက်(?) ... 

(ဆ) ဆေးပညာ၊ သူနာပြုပညာနှင့် အခြားကျန်းမာရေးနှင့် သက်ဆိုင်သောပညာအရပ်ရပ်ကို ဆွေးနွေး၍အစိုးရသို့အကြံဉာဏ်ပေးရန်။

(ဇ) ဆေးကုသရေး၌သော်၎င်း၊ ရောဂါကာကွယ်ရေး၌သော်၎င်းလိုအပ်သောဆေးများနှင့်ကိရိယာစသောပစ္စည်းများကိုပြည်တွင်း၌ဖြစ်မြောက်အောင် ပြုလုပ်ရေးကို စဉ်းစား၍အစိုးရသို့ အကြံဉာဏ်ပေးရန်။

(၂) ကောင်စီက ကျန်းမာရေးစီမံကိန်းများပြုလုပ်၍ အစိုးရသို့သော်၎င်း၊ အမျိုးသားကျန်းမာရေးရံပုံငွေ ထိန်းသိမ်းရေးအဖွဲ့သို့သော်၎င်း တင်ပြရမည်။

၁၂။ ။ကောင်စီသည်၊ အနည်းဆုံးတလတကြိမ် စည်းဝေးရမည်။

၁၃။ ။နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေ ကိစ္စများကိုဆောင်ရွက်ရန်အတွက် နည်းဥပဒေများပြုလုပ်နိုင်သည်။

၁၄။ ။နိုင်ငံတော်သမတ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကိုခံလျက်၊ ကောင်စီသည်၊ အောက်ပါ ကိစ္စအားလုံးအတွက်ဖြစ်စေ၊ ကိစ္စတခုခုအတွက်ဖြစ်စေ၊ ဤ အက်ဥပဒေနှင့်အညီဖြစ်သော စည်းကမ်းဥပဒေများ ပြုလုပ်နိုင်သည်။

(က) ကောင်စီ၏ မှုခင်းကိစ္စဆောင်ရွက်ခြင်းနှင့် ကောင်စီအစည်းအဝေးများတွင် လိုက်နာ ဆောင်ရွက်ရန် နည်းလမ်း။

(ခ) ပုဒ်မ ၇ အရ၊ ကောင်စီက ကော်မီတီများသို့အာဏာများလွှဲအပ်ခြင်း။

ဤအက်ဥပဒေနှင့်အညီ သဘောရိုးနှင့်ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုလုပ်ရန်ကြံရွယ်သည့်အမှုတခုခုနှင့်ပတ်သက်၍ကောင်စီအား၊ သို့တည်းမဟုတ်ကော်မီတီအား၊ သို့တည်းမဟုတ် ကောင်စီလူကြီးတဦးဦးအား၊ သို့တည်းမဟုတ် ကော်မီတီလူကြီးတဦးဦးအား၊ မည်သည့်တရားမမှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ်အခြားအမှုအခင်းများကိုစွဲဆိုခြင်းမပြုရ။

၁၆။ ။ဤအက်ဥပဒေဖြင့် ကောင်စီအားပေးထားသည့် တာဝန်ဝတ္တရားသခုခုကိုဖြစ်စေ၊ အပ်ပ်ငတ်တရား တခုခုကိုဖြစ်စေ၊ ကောင်စီက ဆောင်ရွက်ရန် ပျက်ကွက်သည်ဟု နိုင်ငံတော်သမတက မည်သည့်အချိန်မဆို ထင်မြင်သဘောရလျှင်၊ နိုင်ငံတော်သမတသည် ကောင်စီကိုဖျက်သိမ်းနိုင်သည်။

G.U B.C.P.O.—No. 20, Min. of J.A., 30-10-50—2,000—II.